မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail :mainoffice@blc-burma.org  Website : www. blc-burma.org

# (၃၂) နှစ်မြောက် ဇွန် (၆) အထွေထွေအလုပ်သမားသပိတ်ကြီးအပေါ် ဥပဒေရှုဒေါင့်မှသုံးသပ်တင်ပြချက်

နေ့စွဲ။ (၆) ရက်၊ ဇွန်လ၊ ၂၀၀၆ ခုနှစ်

၁။ ၁၉၇၄ ခုနှစ်၊ ဇွန်လ(၆)ရက်နေ့တွင် ပေါ်ပေါက်ခဲ့သည့် အထွေထွေအလုပ်သမားသပိတ်ကြီးသည်၊ မန္တလေးတိုင်း၊ မြစ်ငယ်မီးရထားခေါင်းတွဲပြင်စက်ရုံမှ စတင်ဖြစ်ပေါ်ခဲ့ကာ၊ ရန်ကုန်ဆင်မလိုက်သင်္ဘောကျင်း၊ သမိုင်းချည်မျှင်နှင့် အထည်စက်ရုံ၊ အင်းစိန်မီးရထားစက်ခေါင်းပြင်စက်ရုံ အစရှိသည့် စက်ရုံ၊ အလုပ်ရုံများနှင့် လုပ်ငန်းဌာနများအားလုံး ပါဝင်သပိတ်မှောက်ခဲ့ကြပြီး၊ တနိုင်ငံလုံးအတိုင်းအတာဆောင်သည့် အထွေထွေသပိတ်ကြီးအဖြစ်ကြီးထွားကျယ်ပြန့်ခဲ့ပေသည်။

၂။ အလုပ်သမားများ၏ တိုက်ပွဲအစတွင် အခြေခံစားဝတ်နေရေး၊ လူမှုဖူလုံရေးနှင့် လုပ်ခလစာတိုးမြှင့်ရေးတို့သာဖြစ်သော်လည်း၊ တဖြည်းဖြည်း အလုပ်သမားလူတန်းစား၏ အခြေခံနိုင်ငံရေးလွတ်လပ်ခွင့်ဖြစ်သည့် အလုပ်သမားသမဂ္ဂများထူထောင်ခွင့်ရရှိရေးအထိတိုက်ပွဲတောင်းဆိုမှုများမြင့်မားလာခဲ့သည်။ယင်းအလုပ်သမားသပိတ်တိုက်ပွဲကြီးတွင် ပါဝင်ခဲ့ကြသည့် အလုပ်သမားများ၊ ကျောင်းသားရဟန်းရှင် လူများရာချီ၍ လုပ်ကြံခံခဲ့ကြရပြီး၊ အကျဉ်းထောင် များအတွင်းသို့ တရားမဲ့ဖမ်းဆီး၍နှစ်ရှည်ထောင်ဒဏ် များချမှတ် ခံခဲ့ကြရသည်။

၃။ ၁၉၇၄ခုနှစ် ဇန်နဝါရီလ (၃) ရက်နေ့တွင် အတည်ပြု ခဲ့ သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ နိုင်ငံသားများ၏အခြေခံလွတ်လပ်ခွင့်များကို ပြဌာန်းထားခဲ့သော်လည်း ဆိုရှယ်လစ်စနစ်ကို မထိပါးစေရေး အားအကြောင်းပြကာ အလုပ်သမားများငြိမ်းချမ်းစွာဆန္ဒပြတောင်းဆိုပိုင်ခွင့် အခွင့်အရေးမှ အစပြု၍ အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့်အဆုံးအလုပ်သမားအခွင့်အရေးမှန်သမျှအပါအဝင် နိုင်ငံသားတို့၏အခွင့်အရေးများကို ကန့်သတ် ခြင်းခံခဲ့ရသည်။ ဤသည်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဌာန်းပြီး (၆) လတာကာလအတွင်းမှာ ပင်ဖြစ်ပွားခဲ့ သည့် ဇွန် (၆) အထွေထွေအလုပ်သမားသပိတ်ကြီးအတွင်း ဖိနှိပ်မှုများက အခိုင်အမာ သက်သေပြလိုက်ခြင်းဖြစ်သည်။

၄။ မြန်မာနိုင်ငံသည် ၁၉၅၆ ခုနှစ်မှစတင်၍ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO) တွင် အဖွဲ့ဝင်နိုင်ငံတနိုင်ငံအဖြစ်ပါဝင်ခဲ့ပြီးဖြစ်သည်။ နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်ကြီးမှ အခြေခံအလုပ်သမားအခွင့်အရေးဆိုင်ရာပြဌာန်းချက်များကိုဆန့်ကျင်ရုံမက၊ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကြေညာစာတမ်း အပိုဒ် (၂၀-က)တွင်ဖေါ်ပြပါရှိသည့် - လူသားတိုင်းငြိမ်းချမ်းစွာစုဝေးပိုင်ခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းတည်ထောင်ခွင့်များကို ဆန့်ကျင်ချိုးဖေါက်ခဲ့ကြသည့် စစ်အုပ်စု၏ တရားဥပဒေမဲ့လုပ်ရပ်များကို ဇွန် (၆) အထွေထွေအလုပ်သမားသပိတ်ကြီးက ရှင်းလင်းစွာဖေါ်ပြခဲ့သည်။

၅။ အလုပ်သမားများ ငြိမ်းချမ်းစွာစုဝေးခွင့်၊ ဆန္ဒပြတောင်းဆိုခွင့်၊ အလုပ်သမားသမဂ္ဂများဖွဲ့စည်းခွင့် အစရှိသော အခွင့်အရေးများအား အနာဂါတ်မြန်မာနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခြားဥပဒေများတွင် ပြဌာန်းပြီး လက်တွေ့ကျင့်သုံးနိုင်ရေး ကြိုးပမ်းမှုမှန်သမျှကို မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် အားပေးထောက်ခံ ကာ ပူးပေါင်း လက်တွဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ပိုမိုသိရှိလိုပါလျှင်
ဆက်သွယ်ရန်၊  ဦးမျိုး (ဥပဒေရေးရာသုတေသန ဌာန) ဖုံးနံပါတ် (၆၆) (၀၆) ၂၁၆၀ ၁၀၈